# STEM နယ်ပယ်မှ အမျိုးသမီးများအတွက် ပညာသင်ဆု

# အရည်အချင်းပြည့်မီမှု စံသတ်မှတ်ချက်

**ဗြိတိသျှကောင်စီနှင့် ၂၀၂၄-၅ STEM နယ်ပယ်မှ အမျိုးသမီးများအတွက် ပညာသင်ဆုတွင် ပူးပေါင်းပါဝင်ထားသော တက္ကသိုလ်များအားလုံးမှ အောက်ဖော်ပြပါ လမ်းညွှန်ကို အတည်ပြုထားပြီး ဖြစ်ပါသည်။**

## ပညာသင်ဆုရှင်များအနေဖြင့် -

- အမျိုးသမီးဖြစ်ရမည် သို့မဟုတ် ဖြစ်သည်ဟု အထောက်အထားပြရမည်။
- အောက်ပါ ဇယားတွင် စာရင်းပြထားသည့် အရည်အချင်းပြည့်မီသည့် နိုင်ငံများမှ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူနှင့် အမြဲတမ်းနေထိုင်သူ ဖြစ်ရမည်။
- ပညာရပ်ဆိုင်ရာ တန်းတူညီမှုများနှင့် အင်္ဂလိပ်ဘာသာစကားအပါအဝင် ၎င်းတို့လျှောက်ထားသည့် ဘွဲ့အတွက် ယူကေ အဆင့်မြင့်ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဝင်ခွင့်လိုအပ်ချက်များ ပြည့်မီရမည်။
- လျှောက်ထားသူသည် ပညာသင်ဆုအတွက် လျှောက်ထားလွှာ တင်သွင်းချိန်တွင် ဘွဲ့ကြိုဒီကရီတစ်ရပ်၏ ဘာသာရပ်အားလုံး ပြီးစီးထားပြီး ဖြစ်ရမည် - ဗြိတိသျှကောင်စီအနေဖြင့် နောက်ဆုံးကျန် ပညာသင်ဆုများအတွက် ကိစ္စရပ်ချင်းအလိုက် စဉ်းစားဆုံးဖြတ်နိုင်သည်။
- ငွေကြေးအထောက်အပံ့ လိုအပ်ရသည့် အကြောင်းရင်း / လူမှုစီးပွားဆိုင်ရာ လိုအပ်ချက်အား ဖော်ပြရမည်။ *

  ** ပညာသင်ဆုရှင်၏ လျှောက်ထားသည့် အချိန်ကာလတွင် လူမှုစီးပွားဆိုင်ရာ လိုအပ်ချက်ကို ဆန်းစစ်ရန် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ လျှောက်ထားမှု လုပ်ငန်းစဉ်တွင် ပူးပေါင်းထည့်သွင်းကြစေရန် ရည်ရွယ်သည့် လမ်းညွှန်ချက်များနှင့် စံပြုအကဲဖြတ်မှုဘောင်ကို ဗြိတိသျှကောင်စီမှ ပေးအပ်မည်။*
- ယူကေတွင် ၎င်းတို့၏ ပညာသင်ယူမှုအစီအစဉ်ထံသို့ ငွေကြေးအထောက်အပံ့ သို့မဟုတ် ရန်ပုံငွေများအား အခြားမည်သည့်အရင်းအမြစ်ကမျှ ရယူနေခြင်းနှင့် ယူကေတွင် ပညာသင်ယူမှုများအတွက် ကိုယ်ပိုင်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိရ။
- ဤအစီအစဉ်မတိုင်မီတွင် နိုင်ငံတကာနှင့် ထိတွေ့မှု မရှိခဲ့ဖူးသူသည့် လျှောက်ထားသူများကို ဦးစားပေးမည်။

- ယူကေတွင် ယခင်က ဒီကရီ သို့မဟုတ် ထိုထက်ပိုမြင့်သည့်အဆင့်တွင် ပညာသင်ယူခဲ့ဖူးခြင်း သို့မဟုတ် ယူကေတွင် လတ်တလောနေထိုင်ခဲ့ဖူးခြင်း မရှိရ။ ယူကေ တက္ကသိုလ်တစ်ခုတွင် အဝေးသင် ပညာသင်ယူခြင်း သို့မဟုတ် အခြားနိုင်ငံတစ်နိုင်ငံ၌ ယူကေကျောင်းခွဲပညာရပ်ဝန်းတစ်ခုတွင် ပညာသင်ယူခြင်းအား ယူကေတွင် ပညာသင်ယူခြင်းဟုပင် မှတ်ယူမည်။
- အဖွဲ့အစည်းအများမပြားထံသို့ လျှောက်ထားသည့် ကိစ္စရပ်တွင် ၎င်းတို့၏ ဦးစားပေး ဘွဲ့နှင့် အဖွဲ့အစည်းတို့ကို ဖော်ပြရမည်။
- ယူကေအဆင့်မြင့်ပညာရေးအဖွဲ့အစည်း၏ အင်္ဂလိပ်ဘာသာစကားလိုအပ်ချက် ပြည့်မီရမည်။
- ယူကေ ဘွဲ့လွန် သင်ယူလေ့လာမှုဘွဲ့တစ်ရပ်အား လိုက်ပါသင်ယူကာ အကျိုးကျေးဇူးရရှိနိုင်ရန် စိတ်အားထက်သန်ပြီး ပညာရပ်ပိုင်းဆိုင်ရာအရ စွမ်းဆောင်နိုင်ရမည်။
- အဆိုပြု ဘာသာရပ်တွင် လုပ်ငန်းအတွေ့အကြုံဖြင့် သို့မဟုတ် ခိုင်လုံသည့် စိတ်ပါဝင်စားမှုဖြင့် နယ်ပယ်အတွင်း တက်ကြွပါဝင်သူဖြစ်ရမည်။
- ယူကေအဆင့်မြင့်ပညာရေးမှ ဘွဲ့ရပြီးနောက် ရရှိခဲ့သည့် အကျိုးကျေးဇူးများဖြင့် ၎င်းတို့၏ မိခင်နိုင်ငံတွင် စွမ်းရည်မြှင့်တင်မှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် နောင်အနာဂတ်တွင်ပါဝင်အားဖြည့်လိုမှုအား ထုတ်ဖော်ပြသလိုသူဖြစ်ရမည်။
- ယူကေတွင် ၎င်းတို့၏ ပညာသင်ယူမှုများ ပြီးစီးသည့်နောက် ဗြိတိသျှကောင်စီနှင့် ဆက်သွယ်မှုထားရှိပြီး ယူကေအတွက် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ကာ STEM နယ်ပယ်မှ အမျိုးသမီးများအတွက် ပညာသင်ဆု ပညာတော်သင်ဟောင်းများ၏ အဖွဲ့ဝင်အဖြစ် လုပ်ဆောင်ချက်များတွင် ပါဝင်ဆောင်ရွက်ရန် သဘောတူညီရမည်။
- ၎င်းတို့၏ မိခင်နိုင်ငံမှ STEM နယ်ပယ်မှ အခြားအမျိုးသမီးနှင့် မိန်းကလေးများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အစီအစဉ်တစ်ရပ်နှင့် စိတ်အားထက်သန်ပုံကို ထုတ်ဖော်ပြသရမည်။
- ပညာသင်ဆု လျှောက်ထားခြင်း၏ အခြေခံတစ်ရပ်အဖြစ် အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ကြော်ငြာခြင်းဆိုင်ရာ လုပ်ဆောင်ချက်များအတွက် ရည်ရွယ်အသုံးပြုရန် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များအား ဗြိတိသျှကောင်စီထံသို့ ပေးအပ်ထားရန် သဘောတူညီရမည်။
- ၎င်းတို့၏ ပညာသင်ဆု ပြီးဆုံးပါက ၎င်းတို့ နိုင်ငံသားခံယူထားသည့် နိုင်ငံသို့ အနည်းဆုံး ၂ နှစ်တာကာလအတွက် ပြန်သွားရန် သဘောတူညီရမည်။

BRITISH COUNCIL

## လျှောက်ထားသူတစ်ဦးအနေဖြင့် ဤသို့ဖြစ်လျှင် STEM နယ်ပယ်မှ အမျိုးသမီးများအတွက် ဗြိတိသျှကောင်စီ၏ ပညာသင်ဆုအတွက် အရည်အချင်းပြည့်မီမည် မဟုတ်ပါ -

- ဗြိတိသျှနိုင်ငံသားအဖြစ်လည်း နိုင်ငံသားခံယူထားခြင်း။
- ဘုရင်မကြီး၏ အစိုးရ (ဗြိတိသျှသံရုံးများ/အဆင့်မြင့်ကော်မရှင်ရုံးများ၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဌာန (DBT)၊ စွမ်းအင်လုံခြုံရေးနှင့် ကာဗွန်မျှခြေဌာန (DESNZ) နှင့် သိပ္ပံ၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာဌာန (DSIT)၊ နိုင်ငံတကာကုန်သွယ်ရေးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးရုံး အပါအဝင် ကန့်သတ်ထားခြင်းမရှိပဲ) ၏ ဝန်ထမ်း၊ ဝန်ထမ်းဟောင်းတစ်ဦး သို့မဟုတ် ဝန်ထမ်းတစ်ဦး၏ ဆွေမျိုးဖြစ်ခြင်း (*) ဖြစ်ခြင်း။
- STEM နယ်ပယ်ရှိ အမျိုးသမီးများအတွက် ဗြိတိသျှကောင်စီ၏ ပညာသင်ဆုများ - အရည်အချင်းပြည့်မီသည့် နိုင်ငံများ၏ ဝန်ထမ်း၊ ဝန်ထမ်းဟောင်းတစ်ဦး သို့မဟုတ် ဝန်ထမ်းတစ်ဦး၏ ဆွေမျိုးသားခြင်း (*) ဖြစ်ခြင်း။

  *(*)- ဆွေမျိုးသားခြင်းဆိုသည်မှာ မိဘများ သို့မဟုတ် မိထွေးပထွေးများ၊ တစ်အူတုံဆင်းမွေးချင်းများ သို့မဟုတ် မိဘများ၏ အိမ်ထောင်ပါသားချင်းများ၊ သားသမီးများ သို့မဟုတ် လင်ပါ မယားပါသားသမီးများ၊ အိမ်ထောင်ဖက်၊ တရားဝင်အတူနေမိတ်ဖက်၊ အတူနေမိတ်ဖက် (အတူနေစုံတွဲအနေဖြင့် အိမ်ထောင်ပြုခြင်းကဲ့သို့သော ဆက်ဆံရေးမျိုးဖြင့်သော်လည်းကောင်း၊ တရားဝင်အတူနေမိတ်ဖက်အဖြစ်သော်လည်းကောင်း အနည်းဆုံး နှစ်နှစ်ကြာ ရှိခဲ့လျှင်) စသည်တို့ဟု သတ်မှတ်သည်။*

- ယူကေတွင် သင်၏ ပညာသင်ယူမှု အစီအစဉ်အတွက် လက်ရှိတွင် အခြားသော အရင်းအမြစ်များမှ ငွေကြေးအထောက်အပံ့ သို့မဟုတ် ရန်ပုံငွေ ရယူနေခြင်း။
- ယူကေအစိုးရထောက်ပံ့သည့် ပညာသင်ဆုတစ်ရပ်သို့မဟုတ် ယူကေအဖွဲ့အစည်းဆိုင်ရာ ပညာသင်ဆု/စတိုင်ပင်တစ်ရပ်မှ ရန်ပုံငွေဖြင့် ယူကေတွင် ယခင်က ပညာသင်ယူခဲ့ဖူးခြင်းအပြင် ကိုယ်ပိုင်ရန်ပုံငွေဖြင့် ယူကေတွင် ပညာသင်ယူခဲ့ဖူးသူများအပါအဝင်။

## အရည်အချင်းပြည့်မီသည့် နိုင်ငံများ

| အမေရိက | တောင်အာရှ | အရှေ့အာရှ | ဥရောပဒေသကြီး |
|---|---|---|---|
| ဘရာဇီး | ဘင်္ဂလားဒေ့ရှ် | ကမ္ဘောဒီးယား | အယ်လ်ဘေးနီးယား |
| မက္ကဆီကို | အိန္ဒိယ | အင်ဒိုနီးရှား | အာမေးနီးယား |

| | | | |
|---|---|---|---|
| | နီပေါ<br>ပါကစ္စတန်<br>သီရိလင်္ကာ | လာအို<br>မလေးရှား<br>မြန်မာ<br>ဖိလစ်ပိုင်<br>ထိုင်း<br>ဗီယက်နမ်<br>ဟောင်ကောင် | အဇာဘိုင်ဂျန်<br>ဘော့စနီးယားနှင့်<br>ဟာဇီဂိုဗီးနား<br>ဂျော်ဂျီယာ<br>မြောက်မက်ဆီဒိုးနီးယား<br>ကိုဆိုဗို<br>ဆားဘီးယား<br>မွန်တီနီဂရိုး<br>ကာဇက်စတန်<br>ဥဇဘက်ကစ္စတန်<br>တူရကီ |